ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Email: secretary.kscc@karennistate.com

## ကရင်နီပြည်ရဲ (KSP) တည်ထောင်ခြင်း (၃) နှစ်ပြည့် အထိမ်းအမှတ် သဝဏ်လွှာ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သော သမိုင်းဝင် ကရင်နီပြည်ရဲ (KSP) သည် ယနေ့တွင် (၃) နှစ် တိုင်ခဲ့ပြီးဖြစ်သည်။ အာဏာရှင်ဟူသမျှကို ဆန့်ကျင်တွန်းလှန်မည် ဟူသော ခိုင်မာသည့် ရပ်တည်ချက်နှင့်အတူ ပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူဗဟိုပြုဝန်ဆောင်မှုများနှင့် ရာဇဝတ်မှုများ ကြိုတင်ကာကွယ်ရေး ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ပြီး ယနေ့တွင် ရည်ရွယ်ချက်များအတိုင်း အားသွန်ခွန်စိုက် ကြိုးစားအကောင်အထည်ဖော်နေမှုများကို တွေ့ရှိနေသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောင်းကြောင်း ဦးစွာ ပြောကြားလိုပါသည်။

ကရင်နီပြည်ရဲ (KSP)တည်ထောင်ပြီးသည့် (၃) နှစ်တာကာလအတွင်း ကရင်နီပြည်အတွင်း၌ ရဲစခန်း (၁၄) ခုနှင့် လုံခြုံရေးကင်း (၁၃) ခု၊ မြို့နယ်ရဲဌာနရုံး (၅) ခု ဖွင့်လှစ်နိုင်ခဲ့ပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု စံချိန်စံညွှန်းများနှင့်အညီ ပြည်သူလူထုအား ဝန်ဆောင်မှုအပြင် အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်တိုးမြင့်လုပ်ဆောင်နိုင်လာခဲ့သည် များကိုလည်း ဂုဏ်ယူစွာတွေ့မြင်ရပါသည်။ အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းလာနိုင်သည့်အပြင် ခိုင်မာအားကောင်းသော ပေါ်လစီအတိုင်း အကောင်အထည်ဖော် လုပ်ဆောင်နိုင်မှုများကြောင့် ပြည်သူများလိုအပ်သည့် တရားဥပဒေစိုးမိုးရေး၊ လူမှုဘဝ ဖူလုံရေး၊ လူထုအကျိုးပြုလုပ်ငန်းများနှင့် လုံခြုံရေးအစီအမံများကို စနစ်တကျ တိုးမြင့်လုပ်ဆောင်နေမှုများကို အားတက်ဖွယ်ရာ တွေ့မြင်ရသည့်အတွက်လည်း အသိအမှတ်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆက်လက်၍ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ကရင်နီပြည်ရဲတပ်ဖွဲ့ ခိုင်မာအားကောင်းရေးနှင့်ဆိုင်သော အဓိကလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအား အခြားသောအစုအဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၊ ပြည်သူများနှင့်အတူ ထိရောက်စွာ ပူးပေါင်းလုပ်ဆောင်နိုင်ပါစေကြောင်းနှင့် ပြည်သူများ လိုလားတောင်းတသည့် အာမခံချက်ရှိသော ဖက်ဒရယ် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**

**Karenni State Consultative Council**